**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန၊ ငွေကြေးလွှဲပြောင်းခြင်းအတွက်ဝန်ဆောင်မှုပေးမည့် တင်ဒါတင်သွင်းသူများ**

**လိုက်နာရန်စည်းကမ်းချက်များ**

**ရောင်းချမည့်နေ့ရက်**

၁။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါအတိုင်း ရောင်းချသွားပါမည် -

(က) တင်ဒါရောင်းချမည့်ရက်၊အချိန် - (၁၆.၁၁.၂၀၂၀) မှ (၂၀.၁၁.၂၀၂၀) အထိ

(ခ) နေရာ - လူမှုဝန်ထမ်းဦးစီးဌာန၊
ရုံးအမှတ်(၂၃)၊နေပြည်တော်

(ဂ) ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၆၇-၃၄၀၄၀၇၇/၄၀၄၀၇၈/၄၀၄၅၈၃

**တင်ဒါအာမခံ စပေါ်ငွေပေးသွင်းခြင်း**

၂။ တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါတင်သွင်းသူတိုင်းသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေးအဖြစ် ခန့်မှန်းပစ္စည်းတန်ဖိုး၏(၁%)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (payment Order Cheque) ပြုလုပ်၍ တင်ဒါတင်သွင်းသည့်နေ့တွင် ဦးစီးဌာနသို့ ပေးအပ်ရမည်ဖြစ်ပြီး ဌာနမှ Cheque လက်ခံဖြတ်ပိုင်း ထုတ်ပေးထားပါမည်။

**တင်ဒါတင်သွင်းရမည့်နေ့ရက်**

၃။ တင်ဒါအဆိုပြုပုံစံနှင့်အတူ၊ ကုမ္ပဏီအကြောင်းအရာ၊ Profile စသည်တို့ကို အောက်ပါအတိုင်း တင်သွင်းရမည်ဖြစ်ပါသည် -

(က) တင်သွင်းရမည့်ရက်၊ အချိန် - (၂၃.၁၁.၂၀၂၀) မှ (၂၆.၁၁.၂၀၂၀) ရက်နေ့အထိ
(ရုံးချိန်အတွင်း)

(ခ) နေရာ - လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ် (၂၃) ၊ နေပြည်တော်

**မှတ်ချက်။** COVID – 19 ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် တင်ဒါအဆိုပြုပုံစံ၊ ကုမ္ပဏီ အကြောင်းအရာ၊ Profile၊ တင်ဒါအာမခံစပေါ်ငွေ ခန့်မှန်းပစ္စည်းတန်ဖိုး၏(၁%) ငွေပေးအမိန့် (payment Order Cheque) နှင့် အဆိုပြုပုံစံလျှောက်လွှာကြေး ကျပ် (၂၀၀၀)ကို လူမှုဝန်ထမ်း ဦးစီးဌာန ငွေစာရင်းအမှတ် (MD – 010583) သို့ပေးသွင်းထားသည့်ဘဏ်ချလံ စသည်လိုအပ်သည့် စာရွက်စာတမ်းအချက်အလက်များကို လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲ၊ လူမှုဝန်ထမ်းဦးစီး ဌာန၊ ရုံးအမှတ် (၂၃) ၊ နေပြည်တော်သို့ စာတိုက်(သို့)အမြန်ချောပို့ဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။

**တင်ဒါဖွင့်ဖေါက်ခြင်း**

၄။ အောက်ပါအတိုင်းဆောင်ရွက်မည်ဖြစ်ပါသည် -

(က) (၄.၁၂.၂၀၂၀) ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် တင်ဒါ(ဈေးနှုန်းတင်သွင်းလွှာ)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ သတ်မှတ်တင်ဒါပုံးထဲသို့ အများရှေ့မှောက်တွင် မိမိကိုယ်တိုင် ထည့်၍ တင်ဒါဖွင့်ဖောက်ခြင်း၊ စိစစ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မည်။

**မှတ်ချက်။** COVID – 19 ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် တင်ဒါဖွင့်ဖောက်ခြင်း အား **Online** မှတဆင့်ကျင်းပသွားမည်ဖြစ်ပါသည်။

(ခ) လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး တင်ဒါများကို ဝန်ကြီးဌာန EC တွင် တင်ပြပြီး နောက် ခွင့်ပြုချက်ရရှိသည့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီသို့ ဆက်သွယ် အကြောင်းကြားမည်ဖြစ်ပါသည်။

(ဂ) တင်ဒါအောင်မြင်သူထံသို့ ပုံစံတွင် ဖြည့်စွက်ပါရှိသည့် လိပ်စာအတိုင်း အကြောင်း ကြားပေးမည်ဖြစ်ပြီး တင်ဒါမအောင်မြင်သည့် ပုဂ္ဂိုလ်များထံသို့ သီးခြားပြန်ကြား ပေးမည်မဟုတ်ပါ။

**တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၅။ တင်ဒါတင်သွင်းသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) နိုင်ငံတော်မှချမှတ်ထားသည့်တင်ဒါလုပ်ထုံးလုပ်နည်း (၁/၂၀၁၇) ၊ အပိုဒ် (၄၁) အရ

(၁) နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်၊

(၂) နိုင်ငံတော်မှသတ်မှတ်ထားသည့်အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) တင်ဒါတင်သွင်းသူသည် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ သတ်မှတ်ထားသည့် တင်ဒါဈေးနှုန်း တင်သွင်းလွှာပုံစံဖြင့်သာ တင်သွင်းရမည်။

(ဂ) တင်ဒါတင်သွင်းသူ (သို့မဟုတ်) ကုမ္ပဏီသည်-

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရပ်ဆိုင်းပိတ်သိမ်းထားသည့်စာရင်း၊

(၂) လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်မှ ရပ်ဆိုင်းထားသော၊ ဖယ်ရှားထားသော စာရင်း၊

(၃) တရားရင်ဆိုင်ဖြေရှင်းနေရခြင်း၊

(၄) ဒေဝါလီခံထားခြင်း (သို့) ဒေဝါလီခံရန်စီစဉ်ထားခြင်းများမရှိရန်၊ မပါဝင်ရန် လိုအပ်ပါသည်။

(ဃ) တင်ဒါတင်သွင်းသူသည် မိမိဆောင်ရွက်လိုသည့်လုပ်ငန်းအတွက် အဆိုပြုဈေးနှုန်း (၅% ကုန်သွယ်ခွန် + ဝန်ဆောင်ခ) များကို ကိန်းဂဏန်းဖြင့်လည်းကောင်း၊ ထင်ရှားပီသစွာ ရေးရမည်။ (ဖျက်ရာ၊ ပြင်ရာ၊ မပီမသ ရေးသားမှုများ မဖြစ်စေရ)

(င) တင်ဒါတင်သွင်းရာတွင် -

- ပြည့်စုံစွာ ဖြည့်သွင်းပြီးသော တင်ဒါပုံစံ
- တင်ဒါတင်သွင်းသူ၏ အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေး ကတ်ပြား မိတ္တူ(၃)စောင်

- တင်ဒါတင်သွင်းသူ၏ ငွေကြေးခိုင်မာမှု၊ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းရှင်၏ ကိုယ်ရေးနောက်ကြောင်း ကောင်းမွန်မှု၊ တာဝန်ယူဆောင်ရွက်သည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု
- ကုမ္ပဏီ၏ အတ္တုပ္ပတ္တိ (profile) ပစ္စည်းအတွက် ခန့်မှန်းတွက်ချက်မှု (ပစ္စည်းဖိုး၊ လုပ်အားခ၊ ကြီးကြပ်မှုစရိတ်၊ ကုန်သွယ်လုပ်ငန်းခွန် (၅%)
- တင်ဒါအာမခံ ပေးသွင်းသည့် Payment Order Cheque (၁)စောင်

(စ) တင်ဒါမအောင်မြင်သူများ၏ တင်ဒါအာမခံကြေးအတွက် ပေးသွင်းထားသော ငွေပေးအမိန့် (Payment Order Cheque) ကို Cheque လက်ခံဖြတ်ပိုင်းတင်ပြပါက (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ Cheque လက်ခံဖြတ်ပိုင်း မတင်ပြနိုင်ပါက ငွေပေးအမိန့် (Payment Order Cheque) ပေးသွင်းထားကြောင်းနှင့် လက်ခံဖြတ်ပိုင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကုမ္ပဏီဘုတ်အဖွဲ့ဝင်အားလုံး၏ ထောက်ခံစာတင်ပြနိုင်ပါက စိစစ်၍ (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

(ဆ) တင်ဒါအောင်မြင်သူသည် ပစ္စည်းများ၏ ခွင့်ပြုငွေတွင် ကုန်သွယ်ခွန် (၅%) ကို တစ်ပါတည်း ထည့်သွင်းထားပြီး ဖြစ်သည့်အတွက် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကုန်သွယ်ခွန် (၅%) ကို တင်ဒါအောင်မြင်သူမှ သက်ဆိုင်ရာအခွန်ဦးစီးဌာနသို့ ပေးသွင်းနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်သည်။

(ဇ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်ထက် နောက်ကျတင်သွင်းလာသည့် တင်ဒါရှင်များကိုလည်းကောင်း၊ ကော်မတီမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် တင်ဒါရှင်များကိုလည်းကောင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ဈ) တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ သီးခြားလျှောက်ထားလာသည့် လျှောက်လွှာရှင်များကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ လက်ခံစဉ်းစားမည် မဟုတ်ပါ။

(ည) တင်ဒါအောင်မြင်သူသည် တင်ဒါကော်မတီမှ သတ်မှတ်ပေးထားသည့်အတိုင်း ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းတန်ဖိုး၏ ၂% ကို နိုင်ငံတော်သို့ (Withholding Tax) အဖြစ် ပေးသွင်းရမည်။

(ဋ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် တင်ဒါပယ်ဖျက်ခြင်း၊ အသစ်တဖန်ပြန်လည်ခေါ်ယူခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိသည့်အပြင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်သည်။

(ဌ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီသည် ရရှိသောတင်ဒါတစ်ခုကိုဖြစ်စေ အားလုံးကိုဖြစ်စေ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမရှိဘဲ ပယ်ဖျက်ပိုင်ခွင့်ရှိသည်။

(ဍ) တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ပုဂ္ဂိုလ်/အဖွဲ့အစည်းသည် တင်ဒါကော်မတီမှထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို သိရှိနားလည်သည်ဟု ယူဆမည်ဖြစ်ပါသည်။

(ဎ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့၏ အဆုံးအဖြတ်သည်သာ နောက်ဆုံးအတည်ဖြစ်သည်။

(ဏ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဌာနအားအလေးမထား၊ ဂရုမပြု၊ မထီမဲ့မြင်ပြုမူလျှင်ဖြစ်စေ တရားဥပဒေအရအရေးယူခြင်းခံရမည်ဖြစ်ပါသည်။